

# နိဒါန်း



## ဤစာအုပ်နှင့် ပတ်သက်၍

ရုပ်ပုံများအား အဓိပ္ပာယ်ဖော်နိုင်စွမ်းကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ခြင်းသည် ဇာတ်လမ်းများဖတ်ရှုနားလည်ခြင်းအတွက် အရေးကြီးသော ခြေလှမ်းတစ်ခုဖြစ်သည်။ တို့အတူ အမျိုးမျိုးသော စကားပြော ဝေါဟာရများအား အများအပြားရရှိခြင်းကလည်း စာဖတ်ခြင်းတွင် အောင်မြင်သော အစပြုမှုအတွက် လိုအပ်သော ကြိုတင်လိုအပ်ချက်တစ်ခု ဖြစ်သည်။ ထို့ကြောင့် ဤစာအုပ်ထဲမှ အဓိကရုပ်ပုံများက သင်၏ကလေးကို ပြသထားသော အခြေအနေများ၊ လူများနှင့် အရာဝတ္ထုများနှင့် ပတ်သက်၍လှုံ့ဆော်ဖို့ ရည်ရွယ်ပြီး တစ်ချိန်တည်း၌ အဓိကရုပ်ပုံ ပတ်ပတ်လည်ရှိ အမျိုးအစားခွဲခြားသော ရုပ်ပုံများက သင့်ကလေး၏စကားလုံးဝေါဟာရကို တည်ဆောက်ချဲ့ထွင်ရန် ကူညီပါလိမ့်မည်။

## ဤစာအုပ်ကိုအသုံးပြုနည်း

သက်သောင့်သက်သာရှိသော အခြေအနေတစ်ခု ဖန်တီးပြီး သင်၏ကလေးကို ရုပ်ပုံများနှင့်ပတ်သက်၍ လွတ်လွတ်လပ်လပ် စကားပြောခွင့်ပြုပါ။ သင်၏ကလေးကို ရုပ်ပုံဖြင့်လမ်းညွှန်ရန် အရိပ်အမြွက်ဖော်ပြသော မေးခွန်းများ သင် အသုံးပြုနိုင်သည်။

● အမည်းစက်ဖြင့် အမှတ်အသားလုပ်ထားသော မေးခွန်းများက ရုပ်ပုံထဲတွင် မြင်နိုင်သော မှန်ကန်သည့် အဖြေတစ်ခုရှိသည်။ လူပုဂ္ဂိုလ် သို့မဟုတ် အရာဝတ္ထုကို ရှာဖွေတွေ့ရှိရန် သင်၏ကလေးကို အချိန်ပေးပါ။ သင်၏ကလေးတုံ့ပြန်မှုကို ချီးကျူးပါ။ ထို့နောက် ရုပ်ပုံပေါ် တွင် ပုံနှိပ်ထားသောစာကြောင်းကို သင်တို့ အတူတူဖတ်နိုင်ကြသည်။









မီးသီးများဖြင့် အမှတ်အသားပြုလုပ်ထားသော မေးခွန်းများက သင့်ကလေးကို ကျိုးကြောင်းဆင်ခြင်ပြီး ခန့်မှန်းချက်များပြုလုပ်ရန် သူ၏စိတ်ကူးကို အသုံးပြုခိုင်းလိမ့်မည်။ ဤစိတ်ကူးက စာဖတ်ရာတွင် လိုအပ်သော အရေးကြီးသည့် ကျွမ်းကျင်မှုတစ်ခု ဖြစ်သည်။ အဖြေအမျိုးအစား စုံလင်ခြင်းကို အားပေးလက်ခံပါ။ သူ၏အဖြေအတွက် အကြောင်းပြရန် သင်၏ကလေးကို ညင်သာစွာ စိန်ခေါ်ပါ။

▶ မေးခွန်းအချို့က သင်၏ကလေးကို သူ၏အတွေ့အကြုံအား ပြန်လည်ပြောခိုင်းပြီး ကိုယ်ရေးကိုယ်တာ တုံ့ပြန်မှုလုပ်ခိုင်းလိမ့်မည်။ သင့်ကလေးကို ပိုမိုကောင်းမွန်စွာသိရှိရန် ဤအခွင့်အလမ်းကို အသုံးပြုပါ။

▶ 'စကားပြောကြစို့' ဇယားကွက်ထဲမှ မေးခွန်းတချို့က သင့်ကလေးကို အရာဝတ္ထုများအား အမျိုးအစား ခွဲခြားနိုင်လိမ့်မည်။

သင်၏ကိုယ်ပိုင် မေးခွန်းများဖန်တီးရန် လွတ်လွတ်လပ်လပ်ရှိပါစေ။ သင်၏ကလေးကို သင့်ကိုလည်းမေးခွန်းများမေးခိုင်းရန် အားပေးအားမြှောက်လုပ်ပါ။ စကားပြောခြင်း၏ အများစုကို သင်၏ကလေးအား ပြုလုပ်ခွင့်ပြုပြီး သင်တို့၏စကားပြောပွဲကို သင့်ကလေး၏စိတ်ဝင်စားမှုနှင့် လိုက်လျောညီထွေဖြစ်အောင်လုပ်ပါ။ အားလုံးထက် မေးခွန်းများနှင့် အဖြေများကို စမ်းသပ်ချက်တစ်ခုအဖြစ် သို့မဟုတ် စာဖတ်ခြင်း လေ့ကျင့်ခန်းအဖြစ် အသုံးပြု ခြင်းကို ရှောင်ရှားပါ။

အရေးအကြီးဆုံးမှာ ဤစာအုပ်ကို သင်တို့နှစ်ဦးစလုံးအတွက် ပျော်ရွှင်စရာကောင်းသော အတွေ့အကြုံတစ်ခုလုပ်ပါ။

